## အကြော၊ အရိုး၊ အဆစ်ရောဂါများအား ဆေးရွက်ပြုတ်ရည်ဖြင့် ပေါင်းချွေးငွေ့ပေးကုသခြင်း တွေ့ရှိမှု အခြေအနေကို လေ့လာတင်ပြခြင်း

## ကုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ တောင်ကြီး(အေးသာယာ)

ကုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ တောင်ကြီး(အေးသာယာ)တွင် တက်ရောက်ကုသသည့် အကြော၊ အရိုး၊ အဆစ်နှင့်ပတ်သက်သော ဝေဒနာရှင်များအား ဆေးရွက်များပြုတ်ရည်ဖြင့် အငွေ့ပေးပြီး လက်တွေ့ကုသပျောက်ကင်းပုံကို မှတ်တမ်းပြုထားသော စာတမ်းငယ်တစ်စောင်ဖြစ်ပါသည်။ လူသားတို့ အနေဖြင့် ကာလ၊ အတ္တ၊ ကမ္မစသော အကြောင်းတရားတို့ကို လွန်၊ ယုတ်၊ လွဲမှားစွာ ကျင့်သုံးခြင်းတို့ကြောင့် အာရုံကြောများညပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အဆစ်များ ရောင်ရမ်းနာကျင်ခြင်း၊ ခြေလက်များထုံကျင်ကိုက်ခဲခြင်းများ ဖြစ်ပေါ်လာပါသည်။

အဆိုပါ အကြော၊ အရိုး၊ အဆစ်ဝေဒနာရှင်များအား တိုင်းရင်းဆေးခန်းသုံးဆေးများ တိုက်ကျွေးခြင်း၊ ဆေးကြပ်ထုပ်များထိုးခြင်း၊ မြန်မာအကြောပြင်အတတ်ပညာဖြင့် အကြောပြင်ခြင်း၊ ဆေးစည်းဆေးကပ်ခြင်း၊ ဆီလိမ်း၍ ရှောက်ရွက် (*Citrus medica* Linn.)၊ သက်ရင်းကြီးရွက် (*Croton oblongifolia* Linn.)၊ ကြောင်ပန်းရွက် (*Vitex trifolia* Linn.)၊ ပရုပ်ရွက် (*Cinnamomum camphora* )စသည့် ဆေးရွက်များပြုတ်ရည်ဖြင့် ပေါင်းချွေးငွေ့ပေးပြီး ကုသပျောက်ကင်းပုံကို ဇန်နဝါရီလမှမတ်လအထိ လာရောက်ကုသမှုခံယူသော ဝေဒနာရှင်(၃၀)ဦးကို မှတ်တမ်းများပြုလုပ်တင်ပြထားခြင်း ဖြစ်ပါသည်။